# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အခွန်အယူခံခုံအဖွဲ့

ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊
## မတ်လအထိ ခြောက်လအတွက်
## အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ ဇွန် လ ၂၇ ရက်
နေရာ။ နေပြည်တော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# အခွန်အယူခံ ခုံအဖွဲ့

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက်

## အခွန်အယူခံဆိုင်ရာ ကြားနာမှုများနှင့် ပတ်သက်၍ အစီရင်ခံတင်ပြခြင်း

## မာ တိ ကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁-၂ |
| ၂။ | အစီရင်ခံစာ တင်ပြရခြင်း ရည်ရွယ်ချက် | ၂ |
| ၃။ | ခုံအဖွဲ့ ဖွဲ့စည်းခြင်း | ၂-၃ |
| ၄။ | လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု | ၃-၇ |
| ၅။ | လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုဆိုင်ရာ တင်ပြချက် | ၈-၁၄ |
| ၆။ | ခုံအဖွဲ့၏ ဆောင်ရွက်ချက်များ | ၁၅ |
| ၇။ | နိဂုံး | ၁၅-၁၆ |
| ၈။ | နောက်ဆက်တွဲ ဇယား (က) မှ (င) | ၁၇-၂၃ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အခွန်အယူခံခုံအဖွဲ့

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် အခွန်အယူခံဆိုင်ရာ ကြားနာမှုများနှင့် ပတ်သက်၍ အစီအရင်ခံတင်ပြခြင်း

### နိဒါန်း

၁။ အခွန်အယူခံခြင်းလုပ်ငန်းကို ၁၉၅၄ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ အမြတ်ခွန်အယူခံခုံရုံးကို ဖွဲ့စည်းပြီး အမြတ်ခွန်ဆိုင်ရာအယူခံမှု တစ်မျိုးတည်းကိုသာ စစ်ဆေးခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၃-၁၀-၁၉၇၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၀) အရ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် (၄) ဦး ပါဝင်သော အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းပြီး အမြတ်ခွန် အယူခံမှုသာမက အကောက်ခွန်၊ ယစ်မျိုးခွန်၊ တံဆိပ်ခေါင်းခွန်ဆိုင်ရာ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု ၊ တရားရုံးချုပ်သို့ လွှဲအပ်မှုများ ကြားနာစီရင် ဆုံးဖြတ်ခဲ့ပြီး အမြတ်ခွန် အယူခံရုံးအား အခွန်အယူခံခုံအဖွဲ့ရုံးအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

၂။ ၁၉၇၆ ခုနှစ်တွင် ဝန်ကြီးအဖွဲ့၏ ၁၁-၁၂-၁၉၇၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂) ဖြင့် လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၈-၇-၁၉၈၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆/၈၉)ဖြင့်လည်းကောင်း၊၂၀၁၇ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၁-၅-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၇) ဖြင့်လည်းကောင်း အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်၍ အခွန်အယူခံ အမှုများကို ကြားနာစစ်ဆေးစီရင်ခဲ့ပါသည်။

၃။ အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာများဖြင့်သာ ခုံအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး တင်သွင်းလာသောအမှုများအပေါ် လွှမ်းခြုံကြားနာစစ်ဆေးခြင်းကို ကာလအတန်ကြာ ဆောင်ရွက်ခဲ့ရာ ခိုင်မာသော ဥပဒေတစ်ရပ်မရှိသဖြင့် အခွန်အယူခံခုံအဖွဲ့ဥပဒေပြဋ္ဌာန်းနိုင်ရေး တင်ပြဆောင်ရွက်ခဲ့ရာ ၁-၈-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၂၃ ဖြင့် အခွန်အယူခံခုံအဖွဲ့ ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

## အစီရင်ခံစာ တင်ပြရခြင်း ရည်ရွယ်ချက်

၄။ အခွန်အယူခံ ခုံအဖွဲ့ ဥပဒေ ပုဒ်မ ၃၀ တွင် "ဥက္ကဋ္ဌသည် အခွန်နှစ် တစ်နှစ် ပြီးဆုံးသည့် အခါတိုင်း လုပ်ဆောင်ခဲ့သည့် ကြားနာမှုများနှင့် ပတ်သက်၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ တင်ပြရမည်။ ထို့အပြင်အများပြည်သူ သိရှိစေရန်ထုတ်ပြန်ကြေညာရမည်"ဟု ပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီဖြစ်စေရန် အခွန်အယူခံခုံအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ ၊ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လမ်းညွှန်မှုပြုပေးနိုင်ပါရန်တင်ပြရခြင်း ဖြစ်ပါသည်။

## ခုံအဖွဲ့ ဖွဲ့စည်းခြင်း

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၄၊ ပုဒ်ခွဲ (က) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် (၇)ဦး ပါဝင်သော အောက်ဖော်ပြပါ အခွန်အယူခံခုံအဖွဲ့မှ အစီရင်ခံတင်ပြသည့် ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိခြောက်လအတွက် အခွန်အယူခံခုံအဖွဲ့ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ဦးမြင့်ဦး | ဥက္ကဋ္ဌ |
| ( ခ ) | ဦးကျော်ကျော် | အဖွဲ့ဝင် |
| ( ဂ ) | ဦးဇေယျကြည်ညွန့် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ရီရီမြင့် | အဖွဲ့ဝင် |
| ( င ) | ဦးဝင်းနိုင် | အဖွဲ့ဝင် |

( စ )　ဦးဝင်းတင်　　　　　　　　အဖွဲ့ဝင်

(ဆ)　ဦးကြည်　　　　　　　　　အဖွဲ့ဝင်

## လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု

၆။　နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၁) ၏ ခွင့်ပြုချက်အရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာရေးနှစ်အား ဧပြီလ (၁)ရက်နေ့မှ မတ်လ(၃၁)ရက်နေ့အထိ ပြင်ဆင်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

၇။　စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၇-၉-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ - ၂/၁/၂၉၅-၂(၃၁၅၅/၂၀၁၁) ဖြင့် ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ကြားကာလဘတ်ဂျက်ရေးဆွဲဆောင်ရွက်ရန် အကြောင်းကြားလာခဲ့ပါသည်။

၈။　သို့ဖြစ်ပါ၍ တင်ပြသည့် အစီရင်ခံစာသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ ခြောက်လအတွက်ဖြစ်သဖြင့် ယခင်ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ မတ်လအထိ ခြောက်လကာလဖြင့် နှိုင်းယှဉ် ဖော်ပြသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၉။　၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ရန်ကျန်ရှိသည့် အမှု (၅၀) မှုဖြစ်၍ ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် တိုးလာသည့်အမှု (၁၅) မှု ဖြစ်ပါသဖြင့် ဆောင်ရွက်ရန် အမှုစုစုပေါင်း (၆၅) မှုဖြစ်ပါသည်။

၁၀။　၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ ခြောက်လအတွက် (၃၇) မှုကို စီရင်ချက်ချမှတ်ပေးနိုင်ခဲ့ခြင်း၊ စစ်ဆေးကြားနာခဲ့ပြီးဖြစ်၍ စီရင်ချက်ချရန် ဆောင်ရွက်ဆဲ (၁၅) မှု နှင့် ကြားနာဆဲ (၇) မှု ဖြစ်ခြင်းတို့ကြောင့် ကြားနာရန် ကျန်ရှိသည့်အမှုမှာ (၆) မှု ဖြစ်ပါသည်။ ဆောင်ရွက်ရန်အမှုများအပေါ် ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ ခြောက်လအတွက် အကောင်အထည်ဖော်နိုင်မှုမှာ ၉၁ ရာခိုင်နှုန်းဖြစ်ပါသည်။

# ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက်
# လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ
# (၁-၁၀-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၂ ရက်နေ့ထိ)

| စဉ် | အမှုအမျိုးအစား | | ယခင်နှစ်လက်ကျန် | (အစီရင်ခံသည့်ကာလ) နှစ်အတွင်းတိုးလာသောအမှု | စုစုပေါင်း | ဆောင်ရွက်ပြီးစီးမှု | ဆောင်ရွက်ဆဲ / ဆောင်ရွက်ရန်ကျန် | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | စီရင်ချက်ချမှတ်ရန်ကျန်အမှု | ကြားနာဆဲအမှု | ကြားနာရန်ကျန်ရှိအမှု | စုစုပေါင်း |
| ၁ | အကောက်ခွန် | အယူခံမှု | ၁၃ | ၁၃ | ၂၆ | ၁၄ | ၈ | - | ၄ | ၁၂ |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | ၂၂ | ၂ | ၂၄ | ၁၉ | ၃ | - | ၂ | ၅ |
| | | လွှဲအပ်မှု | ၂ | - | ၂ | ၂ | - | - | - | - |
| | | **စုစုပေါင်း** | ၃၇ | ၁၅ | ၅၂ | ၃၅ | ၁၁ | - | ၆ | ၁၇ |
| ၂ | ဝင်ငွေခွန် | အယူခံမှု | ၁၀ | - | ၁၀ | ၁ | ၂ | ၇ | - | ၉ |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | - | - | - | - | - | - | - | - |
| | | လွှဲအပ်မှု | ၁ | - | ၁ | - | ၁ | - | - | ၁ |
| | | **စုစုပေါင်း** | ၁၁ | - | ၁၁ | ၁ | ၃ | ၇ | - | ၁၀ |
| ၃ | ကုန်သွယ်လုပ်ငန်းခွန် | အယူခံမှု | ၁ | - | ၁ | - | ၁ | - | - | ၁ |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | - | - | - | - | - | - | - | - |
| | | လွှဲအပ်မှု | - | - | - | - | - | - | - | - |
| | | **စုစုပေါင်း** | ၁ | - | ၁ | - | ၁ | - | - | ၁ |
| ၄ | အထူးကုန်စည်ခွန် | အယူခံမှု | ၁ | - | ၁ | ၁ | - | - | - | - |
| | | ပြင်ဆင်မှု | - | - | - | - | - | - | - | - |
| | | ပြန်လည်သုံးသပ်မှု | - | - | - | - | - | - | - | - |
| | | လွှဲအပ်မှု | - | - | - | - | - | - | - | - |
| | | **စုစုပေါင်း** | ၁ | - | ၁ | ၁ | - | - | - | - |
| စုစုပေါင်း | | | ၅၀ | ၁၅ | ၆၅ | ၃၇ | ၁၅ | ၇ | ၆ | ၂၈ |

| အမှု အမျိုးအစား | ဆောင် ရွက်ရန် စုစုပေါင်း | အကောင်အထည်ဖော်နိုင်မှု | | | | | ကြား နာရန် ကျန် |
|---|---|---|---|---|---|---|---|
| | | စီရင်ချက် ချမှတ်ပြီး | စီရင်ချက် ချရန် | ကြား နာဆဲ | စုစု ပေါင်း | ရာခိုင် နှုန်း | |
| အယူခံ | ၃၈ မှု | ၁၆ မှု | ၁၁ မှု | ၇ မှု | ၃၄ မှု | ၈၉% | ၄ မှု |
| ပြန်လည်သုံးသပ်မှု | ၂၄ မှု | ၁၉ မှု | ၃ မှု | - | ၂၂ မှု | ၉၂% | ၂ မှု |
| ပြင်ဆင်မှု | - | - | - | - | - | - | - |
| လွှဲအပ် | ၃ မှု | ၂ မှု | ၁ မှု | - | ၃ မှု | ၁၀၀% | - |
| စုစုပေါင်း | ၆၅ မှု | ၃၇ မှု | ၁၅ မှု | ၇ မှု | ၅၉ မှု | ၉၁% | ၆ မှု |


၁၁။ အယူခံမှုကို နှစ်ဖက်ကြားနာသည့်အခါ လျှောက်ထားသူ၏ အယူခံလျှောက်ထားချက် (အဆိုလွှာ)၏ အယူခံအကြောင်းပြချက်များကိုတစ်ဖက်လျှောက်ထားခံရသူက ပြန်လည်ချေပသည့် (ချေလွှာ) ပြန်လည်ပေးပို့နိုင်ရေးကို တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားခံရသူထံ တောင်းခံခြင်း၊ လျှောက်ထားခြင်းခံရသူက သတ်မှတ် ရက်ပေါင်း ၃၀ အတွင်း ချေလွှာကို ခုံအဖွဲ့ထံ ပြန်လည်ပေးပို့ခြင်း ဆောင်ရွက်၍ ချေလွှာရရှိပြီးမှသာ နှစ်ဖက်ကြားနာခြင်းကို စတင်ဆောင်ရွက်ရပါသည်။


၁၂။ သို့ပါ၍ ၂၀၂၂ ခုနှစ်၊မတ်လအတွင်း ချေလွှာမရရှိသေးသည့်အမှု (၃)မှုနှင့် ဗီဒီယိုဆက်သွယ်မှုစနစ်ဖြင့် ကြားနာနိုင်ရေးအတွက် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ ဆန္ဒသဘောထားရယူဆဲအမှု (၃)မှု ဖြစ်၍ ကြားနာရန်ကျန်ရှိသည့် အမှုမှာ (၆)မှုဖြစ်ပါသည်။ ကျန်အမှုများအားလုံးကို အစီရင်ခံတင်ပြသည့် ခြောက်လကာလအတွင်း ကြားနာမှုဆောင်ရွက်နိုင်ခဲ့ပါသည်။


၁၃။ အစီရင်ခံတင်ပြသည့် ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် အကောင်အထည်ဖော်နိုင်မှုကို ယခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (၁-၁၀-၂၀၂၀ ရက်နေ့မှ ၃၁-၃-၂၀၂၁ ရက်နေ့အထိ ပထမခြောက်လအတွင်း အကောင်အထည်ဖော်နိုင်မှုအား အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည် -


| အခွန်အမျိုးအစား | အမှုအမျိုးအစား | ဆောင်ရွက်ရန် | | ဆောင်ရွက်ပြီး | | အကောင်ထည်ဖော်နိုင်မှု ရာခိုင်နှုန်း | |
|---|---|---|---|---|---|---|---|
| | | ၂၀၂၀ - ၂၀၂၁ ခုနှစ် ပထမ ခြောက်လ | အစီရင်ခံ သည့်ကာလ (၂၀၂၁ အောက်တို ဘာလမှ၂၀၂၂ မတ်လအထိ ခြောက်လ) | ၂၀၂၀ - ၂၀၂၁ ခုနှစ် ပထမ ခြောက်လ | အစီရင်ခံ သည့်ကာလ (၂၀၂၁ အောက်တို ဘာလမှ၂၀၂၂ မတ်လအထိ ခြောက်လ) | ၂၀၂၀ - ၂၀၂၁ ခုနှစ် ပထမ ခြောက်လ | အစီရင်ခံ သည့်ကာလ (၂၀၂၁ အောက်တို ဘာလမှ၂၀၂၂ မတ်လအထိ ခြောက်လ) |
| အကောက်ခွန် | အယူခံ | ၄၀ မှု | ၂၆ မှု | ၃၀ မှု | ၂၂ မှု | ၇၅ % | ၈၅ % |
| | ပြန်လည်သုံးသပ်မှု | ၄ မှု | ၂၄ မှု | ၃ မှု | ၂၂ မှု | ၇၅ % | ၉၂ % |
| | ပြင်ဆင်မှု | ၁ မှု | - | - | - | - | - |
| | လွှဲအပ်မှု | - | ၂ မှု | - | ၂ မှု | - | ၁၀၀ % |
| | စုစုပေါင်း | ၄၅ မှု | ၅၂ မှု | ၃၃ မှု | ၄၆ မှု | ၇၃ % | ၈၈ % |
| ဝင်ငွေခွန် | အယူခံ | ၁၂ မှု | ၁၀ မှု | ၆ မှု | ၁၀ မှု | ၅၀ % | ၁၀၀ % |
| | လွှဲအပ် | ၁ မှု | ၁ မှု | - | ၁ မှု | ၀ % | ၁၀၀ % |
| | စုစုပေါင်း | ၁၃ မှု | ၁၁ မှု | ၆ မှု | ၁၁ မှု | ၄၆ % | ၁၀၀ % |
| ကုန်သွယ်ခွန် | အယူခံ | ၂ မှု | ၁ မှု | ၁ မှု | ၁ မှု | ၅၀ % | ၁၀၀ % |
| | စုစုပေါင်း | ၂ မှု | ၁ မှု | ၁ မှု | ၁ မှု | ၅၀ % | ၁၀၀ % |
| အထူးကုန်စည်ခွန် | အယူခံ | ၁ မှု | ၁ မှု | - | ၁ မှု | ၀ % | ၁၀၀ % |
| | စုစုပေါင်း | ၁ မှု | ၁ မှု | - | ၁ မှု | ၀ % | ၁၀၀ % |
| စုစုပေါင်း | အယူခံ | ၅၅ မှု | ၃၈ မှု | ၃၇ မှု | ၃၄ မှု | ၆၇ % | ၈၉ % |
| | ပြန်လည်သုံးသပ်မှု | ၄ မှု | ၂၄ မှု | ၃ မှု | ၂၂ မှု | ၇၅ % | ၉၂ % |
| | ပြင်ဆင်မှု | ၁ မှု | - | - | - | - | - |
| | လွှဲအပ်မှု | ၁ မှု | ၃ မှု | - | ၃ မှု | - | ၁၀၀ % |
| | | ၆၁ မှု | ၆၅ မှု | ၄၀ မှု | ၅၉ မှု | ၆၅ % | ၉၁ % |

၁၄။ အစီရင်ခံတင်ပြသည့် ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လ အတွက် အကောင်အထည်ဖော်နိုင်မှုကို ယခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (၁-၁၀-၂၀၂၀ ရက်နေ့မှ ၃၁-၃-၂၀၂၀ ရက်နေ့အထိ ပထမခြောက်လ) အတွင်း အကောင်အထည်ဖော်နိုင်မှုနှင့် အမှုအမျိုး အစားအလိုက်လည်းကောင်း၊ အခွန်အမျိုးအစားအလိုက်လည်းကောင်း အောက်ပါအတိုင်း ဂရပ်ပုံ များဖြင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-











## လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုဆိုင်ရာတင်ပြချက်

၁၅။ ၂၀၂၁ ခုနှစ်၊အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ဆောင်ရွက်ရန် အမှုများတွင် အခွန်အမျိုးအစားအလိုက်လည်းကောင်း ၊ အမှုအမျိုးအစားအလိုက်လည်းကောင်း ပါဝင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -



၁၆။ ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ ခြောက်လအတွက် ကြားနာ၍ စီရင်ချက်ချမှတ်ပြီးသည့် အမှုများအား အမှုအမျိုးအစားအလိုက် ခွဲခြားစိစစ်၍ အယူခံဝင်သော ခန့်မှန်းတန်ဖိုးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အကောက်ခွန်အယူခံမှုများ။** ကြားနာပြီးဖြစ်သည့် အကောက်ခွန်အယူခံမှုများတွင် ပိတ်ပင်တားမြစ်ကုန်စည်များ၊ ကန့်သတ်ကုန်စည်များ၊ အကောက်ခွန်မဲ့ကုန်စည်များ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ စည်းမျဉ်း ၊ စည်းကမ်း သတ်မှတ်ချက်များအတိုင်း လိုက်နာရန် ပျက်ကွက်ခြင်းကြောင့်လည်းကောင်း၊ အခင်းဖြစ်ကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းဆိုင်ရာ အမှုများမှာ(၁၃)မှု၊ တန်ဖိုး ကျပ်သန်း ပေါင်း (၂၂၀၂.၂၇၂) ၊ အခင်းဖြစ် ကုန်စည်များကို သယ်ဆောင်သည့် မော်တော်ယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဆိုင်ရာ အမှု (၉) မှု၊ တန်ဖိုးကျပ်သန်းပေါင်း (၂၈၀.၀၀၀) ဖြစ်ပါသည်။ အခင်းဖြစ်ကုန်စည်များကို ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းခြင်းဆိုင်ရာ အမှုများကို **နောက်ဆက်တွဲ (က)** ဖြင့် လည်းကောင်း၊ အခင်းဖြစ်ကုန်စည်များကို သယ်ဆောင်သည့်မော်တော်ယာဉ်များကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းခြင်းဆိုင်ရာ အမှုများကို **နောက်ဆက်တွဲ(ခ)** ဖြင့်လည်းကောင်း ပူးတွဲတင်ပြထားပါသည်။

( ခ ) **အကောက်ခွန်ပြန်လည်သုံးသပ်မှုများ။** ချမှတ်ခဲ့သည့် အယူခံအမိန့်နှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးပါရန် လျှောက်ထားလာသည့် အကောက်ခွန်ပြန်လည် သုံးသပ်မှု (၂၂) မှု၊ တန်ဖိုး ကျပ်သန်းပေါင်း (၉၅၇.၉၀၀) တွင် အခင်းဖြစ်ကုန်စည် များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဆိုင်ရာအမှုများမှာ(၁၅)မှု၊ တန်ဖိုးကျပ် သန်းပေါင်း (၈၃၄.၄၀၀) ၊ အခင်းဖြစ် ကုန်စည်များကို သယ်ဆောင်သည့် မော်တော် ယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းဆိုင်ရာ အမှု(၇)မှု၊ တန်ဖိုးကျပ် သန်းပေါင်း (၁၂၃.၅၀၀) ဖြစ်ပါသည်။ ကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ်

သိမ်းဆည်းခြင်းဆိုင်ရာအမှုများကို **နောက်ဆက်တွဲ(ဂ)**ဖြင့်လည်းကောင်း၊အခင်းဖြစ် ကုန်စည်များကို သယ်ဆောင်သည့် မော်တော်ယာဉ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဆိုင်ရာ အမှုများကို **နောက်ဆက်တွဲ(ဃ)** ဖြင့်လည်းကောင်း ပူးတွဲ တင်ပြထားပါသည်။ အယူခံအမိန့်ပါ ဆုံးဖြတ်ချက်များအနက် ဥပဒေကြောင်းအရ ဖြေရှင်းရမည့် ကိစ္စရပ်အဖြစ်ဖော်ပြ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပါရန် လျှောက်ထားလာသည့် အကောက်ခွန်လွှဲအပ်မှု (၂) မှု၊ တန်ဖိုးကျပ် သန်းပေါင်း(၂၅.၇၀၀) ဖြစ်ပါသည်။ လျှောက်ထားသူအများစုမှာ ဥပဒေအရ ပေးအပ် ထားသည့် အခွင့်အရေးအရ ပြန်လည်သုံးသပ်မှုလျှောက်ထားခြင်းများ ဆောင်ရွက် နေကြခြင်းဖြစ်ရာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရာတွင် အမြန် ပြီးပြတ်ရန်အတွက် အတားအဆီးတစ်ခုသဖွယ် ဖြစ်နေကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ယင်းပြန်လည် သုံးသပ်မှုများသည် ဆောင်ရွက်ရမည့် အမှုများ၏ ၃၇ ရာခိုင်နှုန်းခန့်၊ လွှဲအပ်မှုများ၏ ၅ ရာခိုင်နှုန်းခန့်ပါဝင်နေကြောင်း တွေ့ရှိရပါသည်။ကြားနာပြီးဖြစ်သည့် အကောက်ခွန် လွှဲအပ်မှုများကို **နောက်ဆက်တွဲ (င)** ဖြင့် လည်းကောင်း ပူးတွဲ တင်ပြထားပါသည်။

( ဂ ) **ဝင်ငွေခွန် ၊ ကုန်သွယ်လုပ်ငန်းခွန် ၊ အထူးကုန်စည်ခွန်များနှင့်ပတ်သက်သည့် အမှုများ။** ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ အယူခံမှု (၁၀) မှု ၊ လွှဲအပ်မှု (၁) မှု ၊ ကုန်သွယ် လုပ်ငန်းခွန်နှင့် စပ်လျဉ်းသည့် အယူခံမှု(၁) မှု၊ အထူးကုန်စည်ခွန်နှင့် စပ်လျဉ်းသည့် အယူခံမှု(၁)မှုတို့ပါဝင်ပါသည်။ယင်းအမှုများအားလုံးကို၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လ အထိ ခြောက်လအတွင်း ကြားနာနိုင်ခဲ့ပါသည်။

၁၇။ ကြားနာစီရင်ချက်ချမှတ်ခဲ့သည့် အမှုများအနက် အကောက်ခွန်ဆိုင်ရာ အယူခံမှု၊ ပြန်လည် သုံးသပ်မှု၊ ပြင်ဆင်မှု အမှုများမှာ ၈၀ ရာခိုင်နှုန်းခန့် ၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် သက်ဆိုင် သည့် ဝင်ငွေခွန် အယူခံမှုမှာ ၁၇ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် အယူခံမှု ၁.၅ ရာခိုင်နှုန်းနှင့်

အထူးကုန်စည်ခွန်အယူခံမှု ၁.၅ ရာခိုင်နှုန်းခန့် ပါဝင်နေသည်ကိုတွေ့ရှိရပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် သက်ဆိုင်သည့် အယူခံအမှုများမှာ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတွင် အခွန်ထမ်းကိုယ်တိုင် ကျသင့်အခွန်ကို တွက်ချက်ပေးဆောင်သည့်စနစ်ဖြင့် စည်းကြပ်မှု ခံယူနေသော ပြည်တွင်းကုမ္ပဏီကြီးများနှင့် နိုင်ငံခြားကုမ္ပဏီကြီးများမှ အယူခံဝင်ရောက်ခြင်း ဖြစ်ပါသည်။

၁၈။ ကြားနာစီရင်ချက် ချမှတ်သည့် အမှုများတွင် အယူခံမှုများမှာ ၅၈ ရာခိုင်နှုန်းခန့်၊ ပြန်လည်သုံးသပ်မှု ၃၇ ရာခိုင်နှုန်းနှင့် လွှဲအပ်မှု ၅ ရာခိုင်နှုန်းခန့်စီ ပါဝင်နေသည်ကိုတွေ့ရှိရပါသည်။

၁၉။ အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ ခြောက်လအတွက် ဆောင်ရွက်ရန်အမှု ၆၅ မှုအနက် ၅၉ မှု (၉၁) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး အကောင်အထည်ဖော်နိုင်မှု တိုးတက်လာခြင်းမှာ အောက်ပါအကြောင်းများကြောင့် ဖြစ်ပါသည်-

(က) ခုံအဖွဲ့ဝင်များနှင့် ခုံအဖွဲ့ရုံး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာခြင်း၊

( ခ ) ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် ဝန်ထမ်းများ၏ ရုံးတက်ရောက်နိုင်မှု ကန့်သတ်ချက်များ၊ နေပြည်တော်သို့ ဝင်ရောက်မှု ကန့်သတ်ချက်များရှိခဲ့သော်လည်း ယင်းအခက်အခဲများကို ခုံအဖွဲ့ဝင်များနှင့် ခုံအဖွဲ့ရုံးဝန်ထမ်းများတို့မှ ကျော်လွှား စွမ်းဆောင်နိုင်ခဲ့ခြင်း၊

(ဂ) Covid-19 ကူးစက်ရောဂါ ကူးစက်ပြန့်ပွားမှု မြင့်မားနေသည့် အခြေအနေတွင် အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းလာသည့် အမှုများကို သမရိုးကျ ပုံမှန်အတိုင်း စစ်ဆေးကြားနာရန် မဖြစ်နိုင်သည့်အတွက် ခေတ်မီတိုးတက်နေသည့် သတင်းအချက်အလက်နည်းပညာနှင့်လိုက်လျောညီထွေဖြစ်သည့်ပုံစံအသစ် (new normal) နှင့်အညီ အယူခံဝင်ရောက်သူများနှင့် လျှောက်ထားခံရသူများ၏ နှစ်ဖက်သဘောတူညီချက်ရယူ၍ Video Conferencing စနစ်ဖြင့် ကြားနာမှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်း၊

(ဃ) လျှောက်ထားခံရသူဖြစ်သည့် ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန် ဦးစီးဌာနတို့နှင့် ဌာနချင်းညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်ခဲ့ခြင်း။

၂၀။ အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ၊ မတ်လအထိ ခြောက်လအတွက် စီရင်ချက်ချမှတ် ပြီးစီးသည့် အမှုများတွင် ကာလစည်းကမ်းသတ် ကျော်လွန်နေသဖြင့် လျှောက်ထားမှုအပေါ် ပလပ်ခဲ့သည့်အမှု (၂) မှု ၊ အယူခံမှုကို လျှောက်ထားသူ၏ ဆန္ဒအရ အမှုရုပ်သိမ်းကြောင်း ဆုံးဖြတ်သည့်အမှု (၁) မှု၊ မူလဆုံးဖြတ်ချက်အမိန့်များမှာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးဖြတ်ချက်ချမှတ်ထားခြင်းဖြစ်၍ လျှောက်ထားချက်ကို ပလပ်ကြောင်း ဆုံးဖြတ်ခဲ့သည့် အမှု (၃၄) မှု ၊ စုစုပေါင်း (၃၇) မှု တို့ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူအမည် | အမိန့်ချရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၁။ | အထူးကုန်စည်ခွန် အယူခံမှု | ၁/၂၀၁၉ | British American Tabacco Mynamar .,Ltd | ၁.၂.၂၀၂၂ | ရုပ်သိမ်း |
| ၂။ | ဝင်ငွေခွန်အယူခံမှု | ၃/၂၀၁၉ | Capital Consumer Co.,Ltd | ၁၁.၁၀.၂၀၂၁ | ပလပ် |
| ၃။ | အကောက်ခွန်အယူခံမှု | ၁၈/၂၀၂၀ | ဦးခွာစိမ်း | ၁၅.၁၂.၂၀၂၁ | ပလပ် |
| ၄။ | အကောက်ခွန်အယူခံမှု | ၁၉/၂၀၂၀ | ဦးခွာစိမ်း | ၁၅.၁၂.၂၀၂၁ | ပလပ် |
| ၅။ | အကောက်ခွန်အယူခံမှု | ၁/၂၀၂၁ | ဦးကျော်ထွန်း | ၁.၁၀.၂၀၂၁ | ပလပ် |
| ၆။ | အကောက်ခွန်အယူခံမှု | ၂/၂၀၂၁ | ဒေါ်နွယ်နီဝေ | ၁.၁၀.၂၀၂၁ | ပလပ် |
| ၇။ | အကောက်ခွန်အယူခံမှု | ၃/၂၀၂၁ | ဦးမြင့်ဆွေ | ၁၅.၁၂.၂၀၂၁ | ပလပ် |
| ၈။ | အကောက်ခွန်အယူခံမှု | ၄/၂၀၂၁ | ဗကစောမျိုးမင်းထွေး | ၁၅.၁၂.၂၀၂၁ | ပလပ် |
| ၉။ | အကောက်ခွန်အယူခံမှု | ၅/၂၀၂၁ | YX Mobile Co Ltd | ၁.၂.၂၀၂၂ | ပလပ် |
| ၁၀။ | အကောက်ခွန်အယူခံမှု | ၆/၂၀၂၁ | YX Mobile Co Ltd | ၁.၂.၂၀၂၂ | ပလပ် |
| ၁၁။ | အကောက်ခွန်အယူခံမှု | ၇/၂၀၂၁ | YX Mobile Co Ltd | ၁.၂.၂၀၂၂ | ပလပ် |

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူအမည် | အမိန့်ချရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၁၂။ | အကောက်ခွန်အယူခံမှု | ၈/၂၀၂၁ | YX Mobile Co Ltd | ၁.၂.၂၀၂၂ | ပလပ် |
| ၁၃။ | အကောက်ခွန်အယူခံမှု | ၉/၂၀၂၁ | ပိန်းဆာပြည်သူ့စစ်ဌာနေတပ်ဖွဲ့ | ၂၂.၁၂.၂၀၂၁ | ပလပ် |
| ၁၄။ | အကောက်ခွန်အယူခံမှု | ၁၁/၂၀၂၁ | ဦးထွန်းနိုင်ဦး | ၂၅.၃.၂၀၂၂ | ပလပ် |
| ၁၅။ | အကောက်ခွန်အယူခံမှု | ၁၆/၂၀၂၁ | ဒေါ်ဖြူပြာလင်း | ၂၄.၃.၂၀၂၂ | ပလပ် |
| ၁၆။ | အကောက်ခွန်အယူခံမှု | ၁၇/၂၀၂၁ | ဦးညီညီထွေး | ၂၅.၃.၂၀၂၂ | ပလပ် |
| ၁၇။ | အကောက်ခွန်ပြန်လည်သုံးသပ်မှု | ၁/၂၀၂၁ | Wai Wai Lwin Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |
| ၁၈။ | အကောက်ခွန်ပြန်လည်သုံးသပ်မှု | ၂/၂၀၂၁ | Wai Wai Lwin Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |
| ၁၉။ | အကောက်ခွန်ပြန်လည်သုံးသပ်မှု | ၃/၂၀၂၁ | Hnin Kyal Sin Ko Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |
| ၂၀။ | အကောက်ခွန်ပြန်လည်သုံးသပ်မှု | ၄/၂၀၂၁ | Myat Noe Mon Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |
| ၂၁။ | အကောက်ခွန်ပြန်လည်သုံးသပ်မှု | ၅/၂၀၂၁ | Jet World Trading Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |
| ၂၂။ | အကောက်ခွန်ပြန်လည်သုံးသပ်မှု | ၆/၂၀၂၁ | Shwe Nyi Ko Auto Mobile Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |
| ၂၃။ | အကောက်ခွန်ပြန်လည်သုံးသပ်မှု | ၇/၂၀၂၁ | Arnyar Htan Taw Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |
| ၂၄။ | အကောက်ခွန်ပြန်လည်သုံးသပ်မှု | ၈/၂၀၂၁ | YNC Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |

| စဉ် | အမှုအမျိုးအစား | အမှုအမှတ် | လျှောက်ထားသူအမည် | အမိန့်ချရက်စွဲ | အမိန့် |
|---|---|---|---|---|---|
| ၂၅။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၉/၂၀၂၁ | Thet Trading Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |
| ၂၆။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၀/၂၀၂၁ | Win & Thet Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |
| ၂၇။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၁/၂၀၂၁ | TRI GOLD Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |
| ၂၈။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၂/၂၀၂၁ | Royal Good Choice Co.,Ltd | ၂၈.၂.၂၀၂၂ | ပလပ် |
| ၂၉။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၆/၂၀၂၁ | ဒေါ်ခင်သီတာဦး | ၁.၂.၂၀၂၂ | ပလပ် |
| ၃၀။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၇/၂၀၂၁ | ဦးမောင်မောင်လတ် | ၂၈.၂.၂၀၂၂ | ပလပ် |
| ၃၁။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၈/၂၀၂၁ | ဦးသိန်းဇော် | ၂၈.၂.၂၀၂၂ | ပလပ် |
| ၃၂။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၉/၂၀၂၁ | ဦးစိန်ဝင်း | ၁.၂.၂၀၂၂ | ပလပ် |
| ၃၃။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၂၀/၂၀၂၁ | ဦးတင်ထွန်းအောင် | ၁.၂.၂၀၂၂ | ပလပ် |
| ၃၄။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၂၁/၂၀၂၁ | ဒေါ်နန်းအောင်ခမ်း | ၁.၂.၂၀၂၂ | ပလပ် |
| ၃၅။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၂၂/၂၀၂၁ | ဦးစိုးပိုင် | ၂၅.၃.၂၀၂၂ | ပလပ် |
| ၃၆။ | အကောက်ခွန်လွှဲအပ်မှု | ၁/၂၀၂၁ | Zwe Brother Co.,Ltd | ၁.၂.၂၀၂၂ | ပလပ် |
| ၃၇။ | အကောက်ခွန်လွှဲအပ်မှု | ၂/၂၀၂၁ | S.T.L Co Ltd | ၁.၂.၂၀၂၂ | ပလပ် |

## ခုံအဖွဲ့၏ ဆောင်ရွက်ချက်များ

၂၁။ အခွန်အယူခံခုံအဖွဲ့သို့ တင်ပြလျှောက်ထားလာသော အမှုအများစုသည် သက်ဆိုင်ရာဌာနများက ချမှတ်ခဲ့သည့် စီမံခန့်ခွဲမှုဆိုင်ရာ အမိန့်များအပေါ် ကျေနပ်မှုမရှိသဖြင့် ပြင်ဆင်၊ ပယ်ဖျက်ပေးပါရန် တင်ပြ ကြသည့် တရားမမှု သဘောဆန်သော အမှုများ ဖြစ်ကြပါသည်။ အချို့သော အမှုများသည် နိုင်ငံခြားကုမ္ပဏီများနှင့် ဖြစ်ပွားသော အခွန်အကောက်ဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပြီး နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေနှင့် သက်ဆိုင်သည့်အတွက် အလေးအနက်ထား ဆောင်ရွက်ရမည့် အမှုများဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ အမှုများ အမြန်ပြီးပြတ်စေရေးအတွက် ဖြစ်မှုဆိုင်ရာ မှုခင်းများကဲ့သို့ စီမံချက်ရေးဆွဲဆောင်ရွက်ရန် ခက်ခဲသော်လည်း အမှုများအား မှန်မှန်နှင့် မြန်မြန် ပြီးပြတ်စေရန် ခုံအဖွဲ့ဝင်များမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂၂။ လျှောက်ထားသူများက အခွန်အယူခံခုံအဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီပေးအပ်ထားသည့် ဥပဒေဆိုင်ရာအခွင့်အလမ်းများကို အားကိုးအားထားပြု၍ အယူခံမှု ၊ ယင်းမှတစ်ဆင့် ပြင်ဆင်မှု ၊ ပြန်လည်သုံးသပ်မှု ၊ လွှဲအပ်မှုများ လျှောက်ထားလာသည့်အပေါ် အမှုများ မှန်မှန်နှင့် မြန်မြန်ပြီးပြတ်စေရေးအတွက် ဥပဒေအခွင့်အလမ်းကို မဆုံးရှုံးစေဘဲ ဆောင်ရွက်နိုင်မည့် နည်းလမ်းများအား သုံးသပ်ဆောင်ရွက်လျက်ရှိပါသည်။

၂၃။ အခွန်အယူခံခုံအဖွဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံး အရာထမ်းများ ပါဝင်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို လစဉ်ဆောင်ရွက်နိုင်ခဲ့ပြီး ဆုံးဖြတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## နိဂုံး

၂၄။ အခွန်အယူခံခုံအဖွဲ့သည် စဉ်ဆက်မပြတ် လေ့လာသင်ယူမှုများပြုလုပ်၍ အသိပညာ တိုးပွားအောင်ပြုလုပ်ခြင်း ၊ အသိပညာများ မျှဝေဖလှယ်ခြင်း၊ ဆွေးနွေးတိုင်ပင်ညှိနှိုင်းခြင်းဖြင့် အမှုများ၏ နက်နဲသိမ်မွေ့မှုအပေါ်အသေးစိတ် ခွဲခြမ်းစိတ်ဖြာ၍ ကျိုးကြောင်း ဆီလျော်သည့်

ဆင်ခြင်တုံတရားတို့ဖြင့် ဥပဒေနှင့်အညီ မျှတ မှန်ကန်သည့် စီရင်ဆုံးဖြတ်ချက် ရလဒ်ကောင်းများ ရရှိလာစေကာ၊ ပြည်တွင်း ၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အပါအဝင် အခွန်ထမ်းဆောင်သူများ၏ ယုံကြည်ကိုးစားမှုရှိသည့်အခွန်ယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် အခွန်အယူခံ ခုံအဖွဲ့နှင့်ခုံအဖွဲ့ရုံးဝန်ထမ်းများအားလုံး တက်ညီလက်ညီ အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက် လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိခြောက်လအတွက် တရားမဝင်ကုန်စည်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကြောင့်လည်းကောင်း၊ ဒဏ်ငွေ တပ်ရိုက်ခြင်းကြောင့်လည်းကောင်း အယူခံဝင်ရောက်လာသည့် ကြားနာပြီး အမှုများ

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမှု | | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ပုဒ်မ | ကုန်စည် | |
| ၁။ | အကောက်ခွန် အယူခံမှု | ၁၈/၂၀၂၀ | ဦးခွာစိမ်း | ပလက - ၁၆၇ (ဓ) | e-Cigarette, e-Liquid(24) Item | ၄၁.၂၃၄ |
| ၂။ | အကောက်ခွန် အယူခံမှု | ၁၉/၂၀၂၀ | ဦးခွာစိမ်း | ပလက - ၁၆၇ (ဓ) | e-Cigarette, e-Liquid(12) Item | ၄၄.၄၂၁ |
| ၃။ | အကောက်ခွန် အယူခံမှု | ၁/၂၀၂၁ | ဦးကျော်ထွန်း | ပလက - ၁၆၇ (ဓ) | Fonton L/T (8)Unit | ၆၃.၁၅၃ |
| ၄။ | အကောက်ခွန် အယူခံမှု | ၂/၂၀၂၁ | ဒေါ်နွယ်နီဝေ | ပလက - ၁၆၇ (ဓ) | Fonton L/T (12) Unit | ၉၄.၇၃၀ |
| ၅။ | အကောက်ခွန် အယူခံမှု | ၃/၂၀၂၁ | ဦးမြင့်ဆွေ | ပလက - ၁၆၇ (ဓ) | Dump Truck (၁၀)ဘီး ၊ (၅)ဦး | ၄၀.၀၀၀ |
| ၆။ | အကောက်ခွန် အယူခံမှု | ၅/၂၀၂၁ | YX Mobile Co., Ltd | ပလက - ၁၆၇ (ဓ) | Redmi ဖုန်း မျိုး၊(၇) (၄၆၁၇)လုံး၊ | ၇၂၉.၄၄၀ |
| ၇။ | အကောက်ခွန် အယူခံမှု | ၆/၂၀၂၁ | YX Mobile Co., Ltd | ပလက - ၁၆၇ (ဓ) | MI TV (၄)မျိုး လုံး(၁၀၈၁) | ၁၅၆.၈၀၀ |
| ၈။ | အကောက်ခွန် အယူခံမှု | ၇/၂၀၂၁ | YX Mobile Co., Ltd | ပလက - ၁၆၇ (ဓ) | Redmi ဖုန်း မျိုး၊(၈) (၄၄၄၄)လုံး၊ Power Bank, (၉၉၀) လုံး၊ | ၇၈၄.၃၉၂ |

| | | | | | | |
|---|---|---|---|---|---|---|
| ၉။ | အကောက်ခွန် အယူခံမှု | ၈/၂၀၂၁ | YX Mobile Co., Ltd | ပလက - ၁၆၇ (၈) | MI TV (၄)မျိုး ၊ (၅၀၆)လုံး | ၇၉.၉၀၀ |
| ၁၀။ | အကောက်ခွန် အယူခံမှု | ၁၀/၂၀၂၁ | Mforce Myanmar Co., Ltd | ၁၃/၂၀၁၇ | Brand New Motorcycles (47)U | ၁၆၂၀၂. |
| ၁၁။ | အကောက်ခွန် အယူခံမှု | ၁၂/၂၀၂၁ | United Eleven Co., Ltd | ပလက - ၁၆၇(၃၇) | Brand New Prime Mover Head Only (1)U | ၃၂.၀၀၀ |
| ၁၂။ | အကောက်ခွန် အယူခံမှု | ၁၃/၂၀၂၁ | Monsoon Wave Limited | ပလက - ၁၆၇(၃၇) | Brand New, Prime Mover Head Only (3)U | ၉၀.၀၀၀ |
| ၁၃။ | အကောက်ခွန် အယူခံမှု | ၁၄/၂၀၂၁ | Monsoon Wave Limited | ပလက - ၁၆၇(၃၇) | Brand New, Prime Mover Head Only (1)U | ၃၀.၀၀၀ |
| | | | | | စုစုပေါင်း | ၂၂၀၂.၂၇၂ |

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် အခင်းဖြစ် ကုန်စည်ကို သယ်ဆောင်လာခြင်းကြောင့် ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကြောင့် အယူခံ ဝင်ရောက်လာသည့် ကြားနာပြီး အမှုများ

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမှု | | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ပုဒ်မ | ယာဉ် | |
| ၁။ | အကောက်ခွန် အယူခံမှု | ၄/၂၀၂၁ | ဗကစောမျိုးမင်း ထွေး | ပလက၁၆၈ - | Nissan UD, Tractor Head (6 W) 7N-6246 + Trailer 2TLR-3312 | ၄၀.၀၀၀ |
| ၂။ | အကောက်ခွန် အယူခံမှု | ၉/၂၀၂၁ | ပိန်းဆာပြည်သူ့စစ် ဌာနေတပ်ဖွဲ့ | ပလကၥ၁၆၈ - | Nissan UD (8I/4436) | ၁၀၀.၀၀၀ |
| ၃။ | အကောက်ခွန် အယူခံမှု | ၁၁/၂၀၂၁ | ဦးထွန်းနိုင်ဦး | ပလက - ၁၆၈ | MITSUBISHI , FUSO 3G/6939 | ၁၁.၀၀၀ |
| ၄။ | အကောက်ခွန် အယူခံမှု | ၁၂/၂၀၂၁ | ဦးဝင်းနီထွန်း | ပလက - ၁၆၈ | Nissan Diesel 3B-8824 | ၁၇.၀၀၀ |
| ၅။ | အကောက်ခွန် အယူခံမှု | ၁၅/၂၀၂၁ | ဦးမြင့်ဒွေး | ပလက - ၁၆၈ | Nissan AD Van (GG/4855) | ၁၂.၀၀၀ |
| ၆။ | အကောက်ခွန် အယူခံမှု | ၁၆/၂၀၂၁ | ဒေါ်ဖြူပြာလင်း | ပလက - ၁၆၈ | ZHONG TONG Bus 5G/1226 | ၂၅.၀၀၀ |
| ၇။ | အကောက်ခွန် အယူခံမှု | ၁၇/၂၀၂၁ | ဦးညီညီထွေး | ပလက - ၁၆၈ | Forland, Type : D/T (4x2) (L) | ၁၀.၀၀၀ |
| ၈။ | အကောက်ခွန် အယူခံမှု | ၁၈/၂၀၂၁ | ဦးသန်းဇော်ဦး | ပလက - ၁၆၈ | SUNLONG BUS 3N/4980 | ၄၀.၀၀၀ |
| ၉။ | အကောက်ခွန် အယူခံမှု | ၂/၂၀၂၂ | ဦးအောင်မျိုးဝင်း | ပလက - ၁၆၈ | MITSUBISHI FUSO TRUCK , 2K/9912 | ၂၅.၀၀၀ |
| | | | | | စုစုပေါင်း | ၂၈၀.၀၀၀ |

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြန်လည်သုံးသပ်မှု ဝင်ရောက်လာသည့် ကြားနာပြီးအမှုများ (တရားမဝင် ကုန်စည်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း)

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမှု | | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှုအမျိုးအစား | အမှုအမှတ် | | ပုဒ်မ | ကုန်စည် | |
| ၁။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁/၂၀၂၁ | Wai Wai Lwin Co.,Ltd ဦးဖြိုးဝေကျော် | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |
| ၂။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၂/၂၀၂၁ | Wai Wai Lwin Co.,Ltd ဦးဖြိုးဝေကျော် | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |
| ၃။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၃/၂၀၂၁ | Hnin Kyal Sin Ko Co.,Ltd ဦးဖြိုးဝေကျော် | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |
| ၄။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၄/၂၀၂၁ | Myat Noe Mon Co.,Ltd ဦးဖြိုးဝေကျော် | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |
| ၅။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၅/၂၀၂၁ | Jet World Trading Co.,Ltd ဦးဖြိုးဝေကျော် | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |
| ၆။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၆/၂၀၂၁ | Shwe Nyi Ko Auto Mobile Co.,Ltd ဦးဖြိုးဝေကျော် | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |
| ၇။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၇/၂၀၂၁ | Arnyar Htan Taw Co.,Ltd ဦးဖြိုးဝေကျော် | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |
| ၈။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၈/၂၀၂၁ | YNC Co.,Ltd ဦးဖြိုးဝေကျော် | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |

| စဉ် | ကြားနာသည့် အမှု | | လျှောက်ထားသူ | ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမှု | | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှုအမျိုးအစား | အမှုအမှတ် | | ပုဒ်မ | ကုန်စည် | |
| ၉။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၉/၂၀၂၁ | Thet Trading Co.,Ltd ဦးဖြိုးဝေကျော် | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |
| ၁၀။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၀/၂၀၂၁ | Win & Thet Co.,Ltd ဦးဖြိုးဝေကျော် | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |
| ၁၁။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၁/၂၀၂၁ | TRI GOLD Co.,Ltd ဦးဆွေထွန်း | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |
| ၁၂။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၂/၂၀၂၁ | Royal Good Choice Co.,Ltd ဦးဆွေထွန်း | ပလက - ၁၆၇ (၈) | SOJEN Light Truck (5) UNIT | ၄၉.၀၀၀ |
| ၁၃။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၃/၂၀၂၁ | ဦးသက်ဦးလွင် Peaceful Mind Ltd | ပလက - ၁၆၇ (၈) | Brand New Pick Up (4 x 4) Double Cab (4) Unit | ၈၉.၆၀၀ |
| ၁၄။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၄/၂၀၂၁ | ဦးသက်ဦးလွင် Peaceful Mind Ltd | ပလက - ၁၆၇ (၈) | Brand New Pick Up (4 x 4) Double Cab (5) Unit | ၁၁၂.၀၀၀ |
| ၁၅။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၅/၂၀၂၁ | ဦးသက်ဦးလွင် Peaceful Mind Ltd | ပလက - ၁၆၇ (၈) | Brand New Pick Up (4 x 4) Double Cab (2) Unit | ၄၄.၈၀၀ |
| | | | | | စုစုပေါင်း | ၈၃၄.၄၀၀ |

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြန်လည်သုံးသပ်မှု ဝင်ရောက်လာသည့် ကြားနာပြီးအမှုများ (အခွင့်ပြုချက် ကုန်စည်ကို သယ်ဆောင်လာခြင်းကြောင့် ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း)

| စဉ် | ကြားနာသည့်အမှု | | လျှောက်ထားသူ | ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမှု | | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှုအမျိုးအစား | အမှုအမှတ် | | ပုဒ်မ | ယာဉ် | |
| ၁။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၆/၂၀၂၁ | ဒေါ်ခင်သီတာဦး | ပလက - ၁၆၈ | FOTON TOANO Mini Bus 9N/3256 | ၂၀.၀၀၀ |
| ၂။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၇/၂၀၂၁ | ဦးမောင်မောင်လတ် | ပလက - ၁၆၈ | Hino (12W) Truck 3A – 8477 | ၁၃.၀၀၀ |
| ၃။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၈/၂၀၂၁ | ဦးသိန်းဇော် | ပလက - ၁၆၈ | Nissan Condor 2K– 5089 | ၂၀.၀၀၀ |
| ၄။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၁၉/၂၀၂၁ | ဦးစိန်ဝင်း | ပလက - ၁၆၈ | Toyota Probox GG/4948 | ၁၁.၀၀၀ |
| ၅။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၂၀/၂၀၂၁ | ဦးတင်ထွန်းအောင် | ပလက - ၁၆၈ | Toyota Probox 4L/9708 | ၁၃.၅၀၀ |
| ၆။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၂၁/၂၀၂၁ | ဒေါ်နန်းအောင်ခမ်း | ပလက - ၁၆၈ | NISSAN DIESEL TRUCK 6Q/1659 | ၃၀.၀၀၀ |
| ၇။ | အကောက်ခွန် ပြန်လည်သုံးသပ်မှု | ၂၂/၂၀၂၁ | ဦးစိုးပိုင် | ပလက - ၁၆၈ | MITSUBISHI CANTER2M/5650 | ၁၆.၀၀၀ |
| | | | | | စုစုပေါင်း | ၁၂၃.၅၀၀ |

## ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် အကောက်ခွန်လွှဲအပ်မှု ဝင်ရောက်လာသည့် ကြားနာပြီးအမှုများ

| စဉ် | ကြားနာသည့်အမှု | | လျှောက်ထားသူ | ပြည်သူ့ဘဏ္ဍာသိမ်းဆည်းမှု | | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| | အမှု အမျိုးအစား | အမှု အမှတ် | | ပုဒ်မ | ကုန်စည် | |
| ၁။ | အကောက်ခွန် လွှဲအပ် | ၁/၂၀၂၁ | Zwe Brother Co., Ltd | ပလက - ၁၆၇ (၈) | Copier (155) U | ၁၄.၃၅၀ |
| ၂။ | အကောက်ခွန် လွှဲအပ် | ၂/၂၀၂၁ | S.T.L Co., Ltd | ပလက - ၁၆၇ (၈) | Printer And Accs: Item (၉) မျိုး | ၁၁.၃၅၀ |
| | | | | | စုစုပေါင်း | ၂၅.၇၀၀ |